ရှင်သန်မြန်မာ၊ အတ္ထုပ္ပတ္တိ

mgyoe.com

လွတ်လပ်သောစိတ်ဖြင့် ဦးနှောက်ကို တူးဆွသရုပ်ဖော်သူ

# ပန်းချီမုတ်သုံ



mgyoe.com

စာသား - မောင်ကိုကို(အမရပူရ)၊ သရုပ်ဖော် - မင်းနိုင်

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဥ်သော
အခြေခံမိတ်ဆက်စာစဥ် (အတ္ထုပ္ပတ္တိ)

ISBN 9789997130181
BBU3
9 789997 130181
1,300.00KS

mgyoe.com

ပန်းချီမှတ်သုံး၊ မောင်ကိုကို(အမရပူရ)နှင့် မင်းနိုင်
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၇၇ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# ပန်းချီမှတ်သုံ

စာသား – မောင်ကိုကို(အမရပူရ)

သရုပ်ဖော် – မင်းနိုင်

ပထမအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

✱ စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ်လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံမိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။

✱ ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုးပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သားဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



ပန်းချီဆရာ မုတ်သုံသည် ယခု ဘောက်ထော်တွင် သူ့ဇနီး၊ သူ့သမီး တို့နှင့်အတူ နေထိုင်သည်။

Illustration မှာ အထူးအောင်မြင်သလို Painting မှာလည်း အောင်မြင်သော၊ ဈေးကောင်းရသော ပန်းချီဆရာတစ်ဦး ဖြစ်သည်။

mgyoe.com



mgyoe.com

မုတ်သုံကို ၁၉၅၆၊ ဇန်နဝါရီ ၂၄ ရက်တွင် ထီးလင်းမြို့နယ်အတွင်းမှာ မွေးဖွားခဲ့၏။

မုတ်သုံ၏ ဖခင်မှာ မြေတိုင်း အက်စပက်တော် ဦးကျော်ဟိန်း ဖြစ်သည်။ မိခင်မှာ ဒေါ်နန်းကြွယ်ဖြစ်၏။



mgyoe.com



မုတ်သုံတွင် မွေးချင်း ခြောက်ယောက် ရှိ၏။

သူ နှစ်နှစ်သားအရွယ်တွင် မိသားစုနှင့်အတူ ပခုက္ကူသို့ ရောက်ရှိလာခဲ့၏။

mgyoe.com



ပခုက္ကူ အထကမှာ ကျောင်းနေသည်။

သူသည် ကျောင်းစာ သင်ကြားနေရသော်လည်း ရှစ်တန်းကျောင်းသား ဘဝကတည်းကပင် ရုပ်ပြပန်းချီ ရေးချင်နေ၏။

"ရုပ်ရှင်ပိုစတာတွေလည်း ရေးတတ်ရင် သိပ်ကောင်းမှာ"

နဝမတန်းမှာတော့ သူသည် သုံးကြိမ် ဆက်တိုက် ကျရှုံး၏။



mgyoe.com



"လူက ပုံပဲ ရေးချင်နေတာ။ စာတွေဘာတွေလည်း မကျက်ချင်တော့ဘူး"


စာသင်ဖို့ဆိုတာ သူ စိတ်မဝင်စားတော့ပါ။

မပျော်သော ကျောင်းစာတွေထဲမှာ လုံးချာလည်နေမည့်အစား ပျော်သော ပန်းချီကို စနစ်တကျ သင်ချင်၏။



mgyoe.com

mgyoe.com



ပန်းချီကျောင်းက နှစ်ကျောင်း ရှိနေသည်။

ရန်ကုန်ပန်းချီကျောင်း။


မန္တလေးပန်းချီကျောင်း။

ရန်ကုန် ရောက်ဖို့က ပထမ မြင်းခြံကို ရေလမ်းကနေ သွားရ၏။ မြင်းခြံ ရောက်တော့မှ ရန်ကုန်ကို စာပို့ရထားကြီးနှင့် ညအိပ်သွားရမည်။ မန္တလေးကတော့ ပခုက္ကူနှင့် မဝေးလှပါ။

သူသည် မန္တလေးပန်းချီကျောင်းကို ရွေးချယ်လိုက်၏။



mgyoe.com



ထိုအချိန် မန္တလေးပန်းချီကျောင်းအုပ်က ဦးကံညွန့် ဖြစ်သည်။


ဆရာ ဦးကျော်လေး

ဆရာ ဦးဇော်ဝင်း (သစ်ထွင်း)

ဆရာ ဦးတင်အေး (မန္တလေး)



mgyoe.com




မုတ်သုံသည် ဆရာများနှင့်အတူ အောက်ဒိုးထွက်ရေးရခြင်းမှာ ပျော်မွေ့၏။



mgyoe.com



မန္တလေးကျုံး၊ မန္တလေးမြို့ရိုး၊
မန္တလေးတောင်၊ ပိုက်ကျုံး၊
ကျွဲစွန်း၊ အမရပူရ ဦးပိန်တံတား၊
ဆရာများနှင့် ကျောင်းသားများအတူ ထွက်ခွာပြီး ပန်းချီရေးကြ၏။




"ရေဆေးများများ ရေးကြတယ်။ လေ့ကျင့်ကြတယ်။ ဆီဆေးက လည်း ကျောင်းမှာ မရှိဘူးလေ"

ရှိသည့် ရေဆေးများနှင့် ရှိသည့် စက္ကူနည်း နည်းပေါ်မှာ ရှုခင်းပုံများ ရေးကြ၏။



mgyoe.com



“ပီကာဆို၊ ဗင်ဂိုး၊ ဂေါဂင်ဆိုတဲ့ ပန်းချီဆရာကြီးတွေကိုတော့ ကြားဖူးနေပြီ”

“နိုင်ငံခြား ပန်းချီစာအုပ်တွေကတော့ ကြည့်ချင်တယ်။ ကျောင်းမှာ ကြည့်စရာ စာအုပ်ကလည်း မရှိဘူး”

mgyoe.com



F_3A



"ဟေး ... တန်သွားပြီကွ။ ပန်းချီဆရာ ပေါ်ဦးသက်ကို ဘဝမှာ တစ်ခါမြင်ဖူးသွားပြီ"

သူတို့ထက် အတန်းကြီးသော ပန်းပုကိုသန်းအောင် ရှိသည်။ ကျောင်းမှာကတည်းက ပန်းချီကို အရူးအမူး ရေးဆွဲနေသော စစ်ငြိမ်းအေး ရှိသည်။



mgyoe.com

F3B



"စစ်ပြိမ်းအေးက အပြင်မှာ ဦးခင်မောင်(ဘဏ်) ဆီလည်း မော်ဒန်ပန်းချီကို သွားသွားသင်နေသေးတာကွ"

"မန္တလေးရောက် ရှမ်းတစ်ယောက် သီချင်းကို စိုင်းထီးဆိုင်ကလည်း အော်ပဲ အော်နိုင်လွန်းတယ်ကွာ။ နေရာတိုင်းမှာ အဲဒီသီချင်းချည်းပဲ ကြားနေရတာပဲ"



mgyoe.com



mgyoe.com



နန်းရှေ့ဈေးထဲက လက်ဖက်ရည်ဆိုင်ထဲသို့ သူတို့အဖွဲ့တွေ ဝင်သွားကြပြီ။

ကွပ်ပျစ်အကြီးကြီးပေါ် ထိုင်ပြီး လက်ဖက်ရည်ချိုကျကို သောက်၏။

"ဟေ့ အာ့တစ်တွေ ဝင်လာနေပြီ"

လက်ဖက်ရည်ဆိုင်ကတော့ သူတို့ကို Artists (အာ့တစ်) တွေဟု ခေါ်သည်။

mgyoe.com





မုတ်သုံ၏ ဆံပင်သည် ရှည်လျား
လာ၏။

"အမှန်က ဆံပင်ညှပ်ခ ပြဿနာ
ရှိလို့ ရှည်သွားရတာပါ"

ပန်းချီဆရာ ဖြစ်လာသူ ညမင်း
ကျော်သည် မုတ်သုံထက် အတန်းကြီး
၏။

ညမင်းကျော်လည်း ဆံပင်အရှည်။

"ပန်းချီကျောင်းမှာ နေရတာက
အိမ်နဲ့ လုံးဝမတူဘူး။ လုံးဝ လွတ်လပ်
တယ်"

မုတ်သုံသည် ညမင်းကျော်၏
Portrait ကို ရေးဆွဲနေ၏။

မုတ်သုံသည် ပန်းချီကျောင်းမှာ
သူငယ်ချင်းများ၏ Portrait ကို စိတ်ပါ
လက်ပါ ရေးနေတတ်၏။



mgyoe.com


mgyoe.com

မန္တလေး ပန်းချီကျောင်းမှာ ကျောင်းမပြီးသော သူငယ်ချင်းများ ရှိသည်။

ကျောင်းမပြီးသော်လည်း သူတို့သည် ပန်းချီကို ဆက်ရေးဖြစ်ကြသည်။

မုတ်သုံသည် ပန်းချီကျောင်းက အောင်မြင်ခဲ့၏။



mgyoe.com



"မန္တလေးမှာပဲ ဆက်နေမလား"


"မန္တလေးမှာတော့ မနေဘူးကွာ။ ပန်းချီကျောင်းပြီးမှတော့ ရန်ကုန်ကိုပဲ သွားမှာပေ့ါ။ အိပ်မက်က ရန်ကုန်ပဲ"

မုတ်သုံသည် ရန်ကုန်တွင် မဂ္ဂဇင်းသရုပ်ဖော်ပန်းချီ ရေးချင်လှပြီ။

mgyoe.com



F_4A



မုတ်သုံကို ရန်ကုန်သို့ ဝေချစ်ကိုက ခေါ်သွားသည်။

၁၉၇၇ ။

ဝေချစ်ကိုသည် ရန်ကုန်မှာ အဆက်အသွယ်များစွာ ရှိနေပြီ။ မုတ်သုံက မည်သူ့ကိုမျှ မသိကျွမ်းသေး။

mgyoe.com



ရွှေကြည်အေး လက်ဖက်ရည်ဆိုင်မှ ဝါဇီ လက်ဖက်ရည်ဆိုင်သို့ ကိုအောင်ချိမ့်တို့ ပြောင်းထိုင်ကာစ အချိန်မှာ မုတ်သုံသည် ရန်ကုန်ရွှေမြို့တော်သို့ ဆိုက်ရောက်၏။



mgyo.com